# စာချုပ်များ

**မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်**

## စာချုပ်ဆိုတာဘာလဲ?

**စာချုပ်သည်** တရားဝင် သဘောတူညီချက်ဖြစ်သည်။ သဘောတူညီချက်သည် လူနှစ်ဦး သို့မဟုတ် ပိုများသော လူအများအကြားနားလည်ထားမှု ဖြစ်ပါသည်။

စာချုပ်ကို လက်မှတ်ထိုးခြင်းဖြင့်၄င်း၊ လိုက်နာမည်ဟု (နှုတ်ဖြင့်) ပြောဆိုခြင်းဖြင့်၄င်း သို့မဟုတ် ဝက်ဘ်ဆိုက်တစ်ခုတွင် အွန်လိုင်းပုံစံ၌ ခြစ်ရာအမှတ်သွင်းခြင်းဖြင့်၄င်း သဘောတူမှု ပြုနိုင်ပါသည်။

## စာချုပ်လက်မှတ်ထိုးခြင်း

လက်မှတ်ထိုးခြင်းဖြင့် စာရေးထားသော စာချုပ်ကို သင်သဘောတူလိုက်သည်။ ယင်းသည် သင့်အမည် (လက်မှတ်) ကို စာချုပ်ပေါ်၌ သင်ရေးချချိန်၌ ဖြစ်ပါသည်။

## နှုတ်စာချုပ်

သင်တစုံတရာဝယ်လိုသည် သို့မဟုတ် လုပ်လိုသည်ဟူသော စကားလုံးများကို သုံးသည့်အခါ သင်သည် နှုတ်စာချုပ်တစ်ခုကို သဘောတူလိုက်ခြင်းဖြစ်သည်။ ယင်းတွင် ဖေဟုတ်ကဲ့ဖေ သို့မဟုတ် ဖေကျွန်ုပ် သဘောတူပါတယ်ဖေ ကဲ့သို့ စကားလုံးများ ပါဝင်ပါသည်။ တစုံတဦးကို သင် လျှပ်စစ်ဓါတ်အား သို့မဟုတ် မိုဘိုင်းဖုန်း ဝန်ဆောင်မှု ရလိုကြောင်းပြောသည့်အခါ ထုံးစံအားဖြင့် သင်နှုတ်စာချုပ်ချုပ်သည့် သဘောဖြစ်ပါသည်။ ယင်းကို လူချင်းတွေ့စဉ် သို့မဟုတ် ဖုန်းပေါ်မှပြောစဉ် ဖြစ်နိုင်ပါသည်။

## သဘောတူညီချက်ဆိုတာဘာလဲ?

သဘောတူညီချက်သည် လူနှစ်ဦး သို့မဟုတ် ပိုများသော လူအများအကြားနားလည်ထားမှု ဖြစ်ပါသည်။ ယင်းသည် စာချုပ်မဟုတ်ပါ။ ဥပမာ- သင့်မိတ်ဆွေကို သင့်ကားဖြင့် တင်သွားရန် ဂတိပေးထားရာ၌ ယင်းသည် သဘောတူညီချက်ဖြစ်သည်။ ဥပဒေအရပြောခြင်းမဟုတ်ပါ။

## သင်နားမလည်ဘဲနှင့် စာချုပ်တစ်ခုကို လက်မခံပါနှင့်

စာချုပ်မချုပ်မီ သင်အားလုံးကို နားလည်ဖို့လိုပါသည်။ သင့်အနေနှင့် အရေးကြီးစာချုပ်များကို လက်မှတ်ထိုးရနိုင်ချေရှိပါသည်။ ဥပမာ- အိမ်ငှားခြင်း၊ ဘဏ်စာရင်းဖွင့်ခြင်းတို့ ပါဝင်သည်။ မိမိစိတ်ချရသူ တစ်ဦးထံမှ အကူအညီမြန်မြန်ရရန် စဉ်းစားထားပါ။

## သတိပြုပါ

- ▶ စာချုပ်သည် တရားဝင်သဘောတူညီချက် ဖြစ်ပါသည်။
- ▶ သင်နားမလည်သည့် မည်သည့်စာချုပ်ကိုမဆို လက်မှတ်မထိုးပါနှင့်။
- ▶ သင် စိတ်ပြောင်းသွားသည့်အတွက် အချို့သောစာချုပ်များကို ပြင်ဆင်ရန် မဖြစ်နိုင်ပါ။



**တစုံတရာကို သဘောမတူမီ သင်နားလည်ရန် အရေးကြီးပါသည်။**

တခါးခေါက်သံကြား၍ ဟာရပ်ကဖွင့်လိုက်ရာ၊ ပစ္စည်းရောင်း သူတစ်ယောက်က ဖုန်စုပ်စက်ဝယ်ဖို့ အကြောင်းလျှင်မြန်စွာ စတင်ပြောဆိုပါသည်။ ပစ္စည်းရောင်းသူကို ဟာရပ်က အိမ်တွင်း ဝင်ခွင့်ပြုလိုက်သည်။

ဖုန်စုပ်စက်ဘယ်လိုအလုပ်လုပ် ကြောင်း ရောင်းသူကပြသပြီး သူမကို စာချုပ်တစ်ခုလှမ်းပေးပါသည်။ ဖုန်စုပ်စက်ဝယ်ဖို့ ဟာရပ်လက်မှတ်ထိုး ရန်လိုသည်ဟု ရောင်းသူက ပြောလာ သည်။

ရောင်းသူက စကားပြောမြန်ပြီး သူမမှာ အင်္ဂလိပ်စကား ပြောခါစသာ ဖြစ်သေးသဖြင့် ဟာရပ်မှာ မေးချင်သည်များ မမေးနိုင်သေးပါ။ သူမက စာချုပ်လက်မှတ်မထိုးမီ အကူအညီလိုကြောင်းပြောပါသည်။

ရောင်းသူကို စာချုပ်ထဲတွင် ဘာတွေပါသည်ကို နားလည်ရန် အချိန်ပေးရမည် ဖြစ်သည့်အတွက် ယင်းကို ထားခဲ့ပေးရန် ဟာရပ်က ပြောပါသည်။

သူမ၏ မိတ်ဆွေ မရင်ဒါကို ဟာရပ် အကူအညီတောင်းပါသည်။ မရင်ဒါက ဟာရပ်ကို လူမှုအဖွဲ့အစည်း ဆိုင်ရာဥပဒေဌာန တစ်ခုတွင် အရာရှိတစ်ယောက်အား အခမဲ့တွေ့ရှိရန် ခေါ်သွားပါသည်။

ထိုအရာရှိက ဟာရပ်ကို ယင်းဖုန်စုပ်စက်ကြောင့် ငွေကြေး များစွာကုန်ကျကြောင်းနှင့် တစ်ဦး ဦး၏ အကူအညီမပါဘဲ ဟာရပ်အနေဖြင့် လက်မှတ်မထိုးခဲ့ခြင်းမှာ ကောင်းကြောင်း ရှင်းပြပါသည်။ အရာရှိက ကိုယ်ယုံကြည် စိတ်ချရသူကို အမြဲမေးမြန်းရန် အရေးကြီး ကြောင်း ရှင်းပြပါသည်။

MONEYSMART

© ASIC 2012 all rights reserved

## အကူအညီနှင့် အချက်အလက် နောက်ထပ်ရနိုင်သည့်နေရာများ –

ကြွေးမြီ စာချုပ်များအကြောင်း နှင့် ပါတ်သက်၍ ပိုမိုသိလိုပါက၊ MoneySmart ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au**, သို့မဟုတ် ၁၃၀၀ ၃၀၀ ၆၃၀ ကိုခေါ်ပါ။

သင့်တွင်ခါတ်ငွေ၊ လျှပ်စစ်ခါတ်အား သို့မဟုတ် တယ်လီဖုန်းစာချုပ် တစ်ခုခုဖြင့်ပြဿနာရှိနေလျှင်၊ သင့်ဝန်ဆောင်မှု လုပ်ကိုင်ပေးသောဌာနကို ဆက်သွယ်ပါ။

### အရောင်းအဝယ်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တရားမျှတမှုဆိုင်ရာရုံးများ

အိမ်တိုင်ယာရောက်ဈေးရောင်းသူများ၊ ကား၊ မိုဘိုင်းဖုန်းသို့မဟုတ် အငှားစာချုပ်များနှင့် ပြဿနာဖြစ်ခဲ့လျှင် သင့်ဒေသသို့မဟုတ် ပြည်နယ်ရှိ အရောင်းအဝယ်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တရားမျှတမှုဆိုင်ရာရုံး (Office of Fair Trading) သို့ခေါ်ပြီး အကူအညီယူပါ။

သင့်ဒေသသို့မဟုတ်ပြည်နယ်ရှိ အရောင်းအဝယ်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တရားမျှတမှုဆိုင်ရာရုံးကိုရှာရန် **www.consumerlaw.gov.au** သို့ ဝင်ကြည့်ပါ။

### ဝန်းကျင် ဥပဒေဌာနများ

စာချုပ်တစ်ခုဖြင့် သင့်တွင် ပြဿနာများရှိခဲ့လျှင် အခမဲ့ရသော လူမှုအဖွဲ့အစည်းဆိုင်ရာဥပဒေဌာနတစ်ခုကို ဆက်သွယ်ပါ။ လူမှုအဖွဲ့အစည်းဆိုင်ရာဥပဒေဌာနများသည် သီးသန့်ဖြစ်ပြီး လူထုကို အခမဲ့ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ လုပ်ကိုင်ပေးသော လူမှုရေးအဖွဲ့အစည်းများ ဖြစ်ပါသည်။ ဩစတြေးလျားရှိ ဒေသနှင့် ပြည်နယ်ဝန်းကျင်ဥပဒေ ဌာနအဖွဲ့အစည်းများကို ဖွဲ့စည်းထားသည့် National Association of Community Legal Centres **www.naclc.org.au** ရှိပါသည်။ သင်နှင့်အနီးဆုံး အခမဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာဥပဒေဌာနအကြောင်း သိလိုပါက **www.naclc.org.au/directory** သို့ဝင်ကြည့်ပါ။

### ဆက်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ မကျေနပ်ချက်များကို တိုင်တန်းရန်အရာရှိ Telecommunication Industry Ombudsman

သင့်ဖုန်းသို့မဟုတ် အင်တာနက်စာချုပ် သို့မဟုတ် ယင်းဝန်ဆောင်မှု လုပ်ကိုင်သူတို့နှင့် ပြဿနာ များရှိလျှင် ဆက်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ မကျေနပ်ချက်များကို တိုင်တန်းရန်အရာရှိ ၏ ဝက်ဘ်ဆိုက် **www.tio.com.au** သို့ ဝင်၍၎င်း၊ ဩစတြေးလျားအတွင်း မြေအောက်လိုင်းဖြင့် အခမဲ့ ၁၈၀၀ ၀၆၂ ၀၈၅ ကိုခေါ်နိုင်ပါ သည်။



© ASIC 2012 all rights reserved